# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

မောရှေသည်လည်း လူများတို့ ရှိရာသို့ လာ၍ ထာဝရဘုရား၏ စကားတော်
အလုံးစုံတို့ကို၎င်း စီရင်တော်မူချက် အလုံးစုံကို၎င်း ပြန်ကြား၍ လူများအပေါင်းကလဲ
ထာဝရဘုရား မိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ ပြုပါမည်ဟု တသံတည်း
ပြန်ပြောကြ၏ ။ ထွက်မြောက်ရာ ၂၄း၃

အမှတ်စဉ် (၅၇) မေလ ၂၀၀၆ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## အသည်းကွဲဇာတ်လမ်းတစ်ပုဒ်



ဒေဝင် ဥယျာဉ်တော်မှာ အာဒံတို့ ညီညာမောင်နှံ
နာခံလို့ အောင်မြင်ချိန်ခါ ၊ သာယာ၍ နေရောင်မစဲ
လွန်စွာမှ ပျော်ရွှင်စရာဘဲမို့ ၊ သူတော်စင် လင်မယားထဲ
ကိုယ်တော်ရှင် ဘုရား အမြဲ အလိုတော် ပြည့်စုံစေခဲ့တယ် ။
ဒေဝင်ရဲ့ အလယ်ဗဟိုမှာ ၊ စိုပြေလျက် သစ် တစ်ပင်ဟာ
သေစေတဲ့ ထိုအသီးချိုကို မလိုပေမဲ့ အကြီးပို စေခဲ့တာမို့
အာဒံတို့ မြည်းစမ်းမိစေဖို့ ၊ စာတန်က ဖြီးဖြန်းလိုက်လေတော့
ဧဝ အကြိုက်တွေ့သည် ဆိုဆို ၊ ကိုအာဒံ မိုက်ပေ့ လို့ ပြောပြော
ဒေဝင်ကို ကျောခိုင်းရတာ စဉ်မြဲမို့ ၊ အဘသခင် မျက်ရည်ဝဲလို့
ပထမ အကြိမ် အသည်းကွဲ ခဲ့ပြီပေ့ါ ။
အာဒံမှား လို့ စာတန် အောင် ၊ အမှောင်သလ္လာ စိုးမိုး နှိပ်စက်
မရှောင်သာ ပိုးလိုးပက်လက်နဲ့ ၊ သည်ကမ္ဘာ အပြစ်ရွာ ဖြစ်ခဲ့တာမို့
လူတကာ ဧကန် မလွဲကျဆုံး ၊ ထိုနိုင်ငံ ငရဲမှာ စုရုံးမည့် အဖြစ်ဆိုးကြောင့်
အပြစ်မိုး စဲ စေ၊ အချစ်မျိုး လည်း ကြဲစေဖို့ စေလွှတ်သူ သားတော်မြတ်
လူသားပေါ် မေတ္တာပြရန် ၊ ပြစ် ခ ခံ တိုင်တော် ထမ်းပါလို့
ဖြစ်သမျှ မချန် ရင်ဆိုင်သွားနေသည့် ၊ သေမည့်အရပ် ‘ကရာနီ’ လမ်းမှာ
နာကျင်ခံစား ‘ကျွန်ုပ်ဘုရား’ လို့ ၊ တိုးလျှိုး စကားသံ ရင်ဝကို မှန်ပြီမို့
ဒုတိယမွိ အသည်းကွဲ ဒဏ်ထိ ၊ ခမည်းတော် ရင်မှာ မချိခဲ့လေပြီ ။
အပြစ်ကို အခပေး ကယ်တင်သူ ၊ အချစ်ပိုရုံ မကသေး ပြန်ဆောင် ယူမှာမို့
နောင်တကို ထောင်ချ ထားသူတွေ ၊ အမှောင်ကာလ လွတ်ကင်း
နောင်ဘဝတွက် အလင်း သိဖို့ ၊ ဤတကယ့် သတင်းကောင်းကို
သည် ဘဝတစ်ပါး မပြောင်းခင် ၊ မှန်ကြောင်း ယုံကြည်ခွင့် မရခဲ့လျှင်
သခင် ဒုတိယ အကြိမ် ကြွလာချိန်မှာ
ကိုယ်တော်ရှင် တတိယအကြိမ် အသည်းကွဲ ရပြန်မှာမို့
အများ သူ ငါ ကယ်တင်ခြင်း ရစေဖို့ ၊ သမ္မာတရား ကို ဝေမျှကြပါစို့ ။

**သာဂီဇော**

ooooooooooooooooooooooooooooooooooooooooooooo

## သူ့ကို နားလည်ပေးပါ - ၂

သခင် – ဦးခေါင်းထက်မှာ နာကျင်ခံခက် ၊ ဆူးခွေ ပတ်ရစ်
ဖြာဆင်း စီးယို ၊ သွေးစက်တွေ မြေ ခ ခဲ့
ဒါပေမဲ့ – သခင် ကျေနပ်နေတယ်နော် ။
သခင် လက်တော်ကို သံမှိုနှက် ၊ ခြေတော်မှာ သံချက်စွဲ
အရိုးတွေ ကွဲကြေမတတ် နာကျင်စွာခံစား
သွေးစက်တွေ မြေ ခ ခဲ့
ဒါပေမဲ့ – သခင် ကျေနပ်နေတယ်နော် ။
သခင် – နံကြားကို ၊ လှံ ဖျား ဝင်
သည်းအူ ပြတ်လု ဝေဒနာနကို
နာကျင်စွာခံစား
သွေးစက်တွေ မြေ ခ ခဲ့
ဒါပေမဲ့ – သခင် ကျေနပ်နေဆဲနော် ။
သခင် – သခင့် အကြောင်း သိသူ အပေါင်းနဲ့
ယုံကြည်သူတွေ လမ်းမှားနေဆဲ
ကယ်တင်ခြင်း တရား လက်ကိုင်ထားလို့
ကိုယ်ထင်ရာ ကိုယ်လုပ်
ကိုယ်လုပ်သမျှ ခရစ်တော် ခံမယ်
အမြစ်မဲ့ တရားကို တရားသေ ဆုပ်ကိုင်ဆဲ
“ငါ”ဆိုတဲ့ အတ္တစွဲတွေနဲ့ ၊ ချည်နှောင်ခြင်းတွေ
အထပ်ထပ် ရစ်လို့ ၊ ခွင့်လွှတ်ခြင်းတွေ ဘယ်မှာလဲ
အသင်းတော်ထဲ ၊ ယုံကြည်သူထဲ
လူမျိုးထဲ ၊ ဘာသာထဲ
ဟိုထဲ ၊ ဒီထဲ ၊ – ထဲ – ထဲ – ထဲ ၊
‘ထဲ’ တွေ များစွာနဲ့ ကွဲကြေ ခဲ့ကြတာလဲ အခါခါ ပါ ။



သခင် – သွေးစက်တွေ မြေ ခ
လောကသားတွက် ပေးဆပ်ခဲ့လို့
ကျေနပ်ခဲ့တဲ့ သခင့် မေတ္တာ
ဘယ်ချောင်မှာ ခိုဝင် ကပ် လို့
မှိုတက်နေပြီလဲ သခင်ရယ် ။
သခင် – ခြေတော်ရင်းကို တိုးဝင် ခစား
အပြစ်များတဲ့ အကျွန်ုပ် နှလုံးသား
သခင် သိမ်းဆည်းပေးပါကွယ် ။ ။

**နေးနေး ( အင်းစိန် )**

ooooooooooooooooooooooooooooooooooooooooooooo

## ကျွန်တော် - ၂

တကယ် မေးတာတွေ အဖြေ ညှိတာတွေ
ကြုံတွေ့တာတွေ များလာတော့
ရင်မှာ ခုန်မိတာတွေ အကုန် မသိတာတွေနဲ့
ရေငုံမိတာ ကျွန်တော်ပါ ။
ဘုံအမြင့်မှာ အကုန် ဖွင့်ဟနေတဲ့ ကောင်းကြီးတွေ
မခံယူမိတာတွေ ကြာလာတော့
အစုံအလင် မသိတဲ့ ငှါဘဝ ကြုံမိတဲ့ ခနမှာ
ဆုံမိတဲ့သူတွေနဲ့ ဝေးသွားခဲ့တာ ကျွန်တော်ပါ ။
ယုံရ ခက်တဲ့ ဆုံမှတ်ချက်တွေကို ပြောကြရင်း
ကယ်တင်ခြင်းရဖို့ ရင်ခြင်းနှောလို့
ကိုယ်တော်အကြောင်း ပြောမလို့ ဆုံးဖြတ်ခဲ့တာ ကျွန်တော်ပါ ။
အမှန်တကယ်ရှိတဲ့ ကျမ်းကို အဖြေမညှိစတမ်း ပြောရရင်
မယုံမရှိနဲ့ အကုန် မသိချင်နေပါစေ ယုံကြည်မိရုံနဲ့
ဘယ်ကမ္ဘာအထိ လက်မလွှတ်နိုင်တဲ့ အပြစ်တွေ
ဖြေလွှတ်လို့ ကယ်ချွတ်ဖို့ ကိုယ်တော်အရှင် တတ်နိုင်တော်မူ၏ ။
ထာဝစဉ်အမြဲ အဆုံးအစ မဲ့တဲ့ မေတ္တာနဲ့
အနှိုင်းမဲ့ ချစ်နေတဲ့ ကိုယ်တော်ရှင်အား
သင်လက်ခံဖို့ နှောင့်နှေး နေမှာလား ။
ကိုယ်တော်ရှင်သည် သင့်အား ကြိုဆိုလျှက်
ရင်ခွင်ဖက်၍ ဝိညာဉ် အတွက်
အပူအလောင်မဲ့ ကယ်တင်တော်မူ၏ ။ ။

**မျှော်ဝေ**

(( ပျော်ရွှင်သော မိခင်များနေ့ ဖြစ်ပါစေ ))

သခင့်စကား စာစောင်ကို လက်ဆင့်ကမ်း ဝေမျှခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ ။

## သားချစ်သို့ မေမေ့ရဲ့ လွမ်းချင်း (မလေး ဂျူလိုင်)



"မေမေလေးက သားမေမေ မဟုတ်ဘူး။ မေမေလေးက သားကို မွေးတာမဟုတ်ဘူး။ သားကို သား မေမေက မွေးတာ" ဒီစကားလုံးတွေဟာ မေမေလေး ရဲ့ ရင်ကို ဓါးထက်ထက်နဲ့ မွှန်း သလို ခံစားလိုက်ရပါတယ်။

သားချစ်ရေ၊ သားကို မေမေလေး ဗိုက်နာအောင် မီးတွင်းထဲမှာ မမွေးဖွားခဲ့ရပေမဲ့၊ ရင်နာအောင်တော့ ချစ်ပြီး ကျွေးမွေး ပြုစုခဲ့ရပါတယ်။

သားချစ်ကို မေမေ့ရဲ့ နို့ချိုရည် မတိုက်ကျွေးခဲ့ရပေမဲ့၊ သား ဗိုက်ဆာ မှာ စိုးလို့ အချိန်မှီ နို့ဗူးဖျော်ပေးခဲ့ရပါတယ်။ သားလေး သွားမပေါက်ခင်မှာ အသား ငါးတွေကို မေမေ ဝါးပြီး ခွံ့ကျွေးခဲ့ရဖူးပါတယ်။

သားလေးရေ လူတကာတွေ အိပ်မောကျနေချိန်မှာ သားလေး ဂျီဂျီ စိုပြီး နိုးသွားမှာစိုးလို့ အိပ်ရေးပျက်ခံပြီး သားရဲ့ အညစ်အကြေး တွေကို မေမေလေး သုတ်သင်ရှင်းလင်း ပေးခဲ့ရပါတယ်။

သားရေ သားလေးကို မွေးခဲ့လို့ လူတွေက မေမေလေးကို လင်ကောင်မပေါ်တဲ့ တခုလပ်မ လို့ အထင်မှားပြီး ရှုတ်ချ ကဲ့ရဲ့ခဲ့တာတွေကို မေမေလေး ဟားတိုက် ရယ်မောခြင်းနဲ့ တုံ့ပြန်ခဲ့ပါတယ်။

သားချစ်ရေ ပတ်ဝန်းကျင်က လူတစ်ချို့က သားချစ်ကို လိုချင်လို့ တောင်းတော့ မေမေလေး ရင်ကော့ပြီး "မေမေလေး သားကို မေမေလေးဘဲ မွေးမယ်" လို့ လောကကြီးကို အော်ပြောခဲ့ဖူးပါတယ်။

အခုတော့ – သားချစ်က မေမေလေးကို

"သားကို မွေးတုန်းက ဗိုက်နာခဲ့ရလို့လား၊ ဗိုက်မှာ ချုပ်ရိုးလဲ မရှိဘူး။ ထမင်းကျွေး ပြုစုတာနဲ့ **အမေ** ဖြစ်ရောလား၊ မေမေလေးက ကျောင်း ဆရာမလဲ မဟုတ်ဘဲ သား စာမရရင် ရိုက်ဖို့ဘဲ တတ်တယ်။ မေမေလေး မရှိရင် သားကို ရိုက်မဲ့လူ မရှိဘူး"လို့ သား ပြောခဲ့တယ်နော်။

သားကို ပညာတတ်ကြီး ဖြစ်စေချင်လို့ မေမေလေး နှလုံးသားတွေ အနာခံပြီး ရိုက်ခဲ့ရတာပါ သားရယ်။

သားလေးရဲ့ အပေါ်ယံ အရေခွံကို နာကျင်စေခဲ့ပေမဲ့ မေမေလေးရဲ့ နှလုံးသား အရင်းမြစ်ထိ နာကျင်ခဲ့ရပါတယ် သားရယ်။

အခုတော့ မေမေလေး သားနဲ့ ဝေးရာကို ရောက်နေပြီလေ။

"ဝမ်းနဲ့ မလွယ် ၊ သား မမည်" ဆိုပေမဲ့၊ မေမေလေးရဲ့ မေတ္တာကို သား တစ်နေ့ သိလာမှာပါ။ အဝေးကနေ သားလေးကို လွမ်းရင်း သားလေး အတွက် လွမ်းချင်း တေးတစ်ပုဒ် မေမေ သီဆိုနေပြီ သားရေ ။ ။

**မလေး ( ဂျူလိုင် )** ( မိခင်များနေ့ အမှတ်တရ )

oooooooooooooooooooooooooooooooooooooooooooooooo

## ရေးပြုရအုံးမယ် – ၅ (သာဗာနုလူ)

ဗိမ္မာန်တော်ထဲမှာ ရောင်းဝယ်ဖောက်ကားပြီး စီးပွားဖြစ်နေတဲ့ ဘာသာရေး အယောင်ဆောင် ကုန်သည်ပွဲစား အမြတ်ကြီးစားတွေကို ယေရှုခရစ်တော်က ရိုက်ပုတ်မောင်းထုတ် လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗိမ္မာန်တော် ဆိုတာ ထာဝရဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ဖို့၊ ဆုတောင်းဖို့ သီးသန့် ကန့်သတ်ထားတဲ့ နေရာအရပ် ဖြစ်လို့ပါဘဲ။ အတ္တသမားတွေ ကိုယ်ကျိုးစီးပွား ရှာတဲ့နေရာ မဟုတ်ပါဘူး။ တကိုယ်ကောင်းဆန်တဲ့ စိတ်နဲ့ ကိုယ့် အကျိုးစီးပွား ဖြစ်ထွန်းဖို့ ၊ အမြတ်အစွန်း ရဖို့ ရောင်းဝယ် ဖောက်ကားရမဲ့ နေရာ မဟုတ်ပါဘူး။

**( ရှင်လုကာ ၁၉း ၄၅ – ၄၈ ဗိမ္မာန်တော်သို့ ဝင်တော်မူပြီးလျှင် ဗိမ္မာန်တော်၌ ရောင်းဝယ်သော သူတို့ကို နှင်ထုတ်လျှက် ငါ့အိမ်သည် ဆုတောင်းရာအိမ် ဖြစ်၏ဟု ကျမ်းစာ၌လာသော်လည်း သင်တို့သည် ထိုအိမ်ကို ထားပြတွင်း ဖြစ်စေကြပြီ ဟူ၍ မိန့်တော်မူ၏)**

လက်ရှိ ကျွန်တော်တို့ရဲ့ အသင်းတော်တွေထဲမှာတော့ ဘယ်သူကမှ ဈေး မရောင်းစားကြပါဘူး။ ( အသင်းတော် ရံပုံငွေ စာအုပ်ဆိုင် က လွဲရင်ပေါ့ ) အသင်းတော်ထဲမှာ ကိုယ်ကျိုးအတွက် ဈေးရောင်းစားဖို့ နေနေသာသာ တနင်္ဂနွေ နေ့မှာ ဘုရားကျောင်း မတက်နိုင်ရင်တောင် "အပြစ်" ဖြစ်တယ်လို့ ခံယူတတ်ကြတဲ့ ကျွန်တော်တို့ မိရိုးဖလာ ခရစ်ယာန်တွေဟာ အင်မတန် ရိုးသား မှန်မြတ်ကြပါတယ်။

ဒါပေမဲ့ ယုံကြည်သူတွေ သတိလစ်သွားတဲ့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ ကိုယ်ကျိုးအတွက် အသင်းတော်ထဲမှာ ပေါ်ပေါ် ထင်ထင် ဈေး မရောင်းကြပေမဲ့။ ကိုယ်ကျိုးအတွက် ဘုရားရဲ့ နာမတော်ကို မသိ မသာ အသုံးချ မိတတ်ကြပါတယ်။ ယုံကြည်သူ အသိုင်းအဝိုင်းမှာ၊ အသင်းတော် ထဲမှာ ကိုယ့်ဂုဏ် တက်ဖို့၊ ကိုယ့် နာမည် ကြီးဖို့ ကြိုးစားတတ်ကြခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်ကျိုးအတွက် လုပ်ဆောင်နေတဲ့ ဇာတိ အတ္တစိတ် တွေကို ဘုရား သခင်ရဲ့ ဘုန်းတော်၊ နာမတော်နဲ့ ဆိုင်တဲ့ အရာတွေနဲ့ မရောထွေး သင့်ပါဘူး။ တစ်ခါ တစ်ရံမှာ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့ အတ္တ အကျိုးအတွက် ဘုရားသခင်ရဲ့ ဗိမ္မာန်တော်၊ နာမတော်ကို ကိရိယာ တန်ဆာပလာ အနေနဲ့ အသုံးချ မိတတ်ကြပါတယ်။



အဲဒီလိုလူတွေကို သခင်ယေရှုပေးတဲ့ ဥပမာနဲ့ သာဓက ပြုရရင်တော့ သေးငယ်တဲ့ ခြင် ( ပိုးလောက်လန်း) တစ်ကောင်မှ မပါအောင် ရေကို ရေစစ် နဲ့ စစ်ပြီးတော့ သောက်ကြပေမဲ့ ကြီးမားတဲ့ ကုလားအုတ် ကိုတော့ အကောင်လိုက် တစ်ကောင်လုံး မြိုချတဲ့ သူတွေနဲ့ တူနေပါတယ်။ **Henri Nouwen** ရဲ့ ဆုတောင်းချက်လေး ကတော့ –

"အိုး – အဖ ဘုရားသခင်၊ ကျွန်တော်ဟာ တစ်ကိုယ်ကောင်း ဆန်တဲ့ အတ္တသမား တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်ဘဲ ကြည့်တတ်ပါတယ်။ ငါ့ ဘဝ၊ ငါ့ အလုပ်၊ ငါ့ အနာဂါတ်၊ ငါ့ နာမည်၊ ငါ့ ဂုဏ်၊ ငါ့ငွေ၊ ငါ့ မိသားစု၊ – – ဆိုတာတွေကိုဘဲ အမြဲ ဦးစားပေး စဉ်းစား လုပ်ဆောင်ခဲ့ ပါတယ်။ မကြာခန ဆိုသလို ကျွန်တော့်ရဲ့ ထင်ပေါ်ကျော်ကြားမှုနဲ့ အကျိုးစီးပွား အတွက် ကိုယ်တော့်ကို အသုံးချ မိခဲ့ပါတယ်။ ကျွန်တော် ထင်ပေါ်ကျော်ကြား အောင်မြင်ဖို့အတွက် ကိုယ်တော့် အကြောင်းတွေကို ပြောခဲ့ မိပါတယ်။ ရေးသား မိခဲ့ပါတယ်။ လှုပ်ရှား အသက်ရှင် မိခဲ့ပါတယ်။ " လို့ ဝန်ခံခဲ့ပါတယ်။

**( Cry for Mercy pp 34-35 )**

ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ တစ်တွေ အသင်းတော်ထဲမှာ ကိုယ်ကျိုးအတွက် ဈေး မရောင်းကြပါဘူး။ ဒါပေမဲ့ ကိုယ်ကျိုးအတွက် ဘုရား သခင်ရဲ့ ဂုဏ်တော်ကို အသုံးချ မိကြပါတယ်။ ယေရှုခရစ်တော်ရဲ့ နာမတော်ကို ရောင်းစား မိတတ်ကြပါတယ်။

အဲဒီလို လုပ်မိခဲ့ရင်၊ လုပ်ဖို့ ကြံစည်မိရင်၊ လုပ်နေတုံး ဆိုရင်တော့ … နောင်တ ရကြပါ။ ဒါမှ သာလျှင် ကျွန်တော်တို့ရဲ့ နှလုံးသားထဲက အတ္တ ဆန္ဒအလိုရဲ့ သွေးဆောင်မှုနောက်ကို မလိုက်မိမှာ ဖြစ်ပါတယ်။ ။

**( သာဗာနုလူ )**

( ဝန်ခံချက်။ ။ **Rev Dr Lee Chong Kau** ရေးသားသော **Repent and be on Guard** အား ဆီလျော်အောင် မြန်မာဘာသာသို့ ပြန်ဆိုပါသည်။ )

oooooooooooooooooooooooooooooooooooooooooooooooo

## အမေ သိစေချင်ပါတယ် (သားတော်မောင်အလီမ္ဘာ)

သို့ – အမေ

အမေ သိသင့်သိထိုက်တဲ့ အကြောင်းအရာလေးကို အမေ သိစေဖို့ ကျွန်တော် ဒီစာကို ရေးလိုက်ပါတယ်။ အမေ ဟာ ကျွန်တော့်ရဲ့ အမေ မဟုတ်ပေမဲ့ အမေ့ ကို "အမေ" လို့ဘဲ ခေါ်ပြော ရေးသားခွင့် ပြုပါ အမေ။ အမေ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိသလို အမေ့ရဲ့ သားဟာ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိပါဘူး အမေ။ ဒီစာထဲမှာ အမေ့ရဲ့ သားအကြောင်း အမေ သိဖို့ ရေးသားလိုက်ရခြင်း ဖြစ်ပါတယ် အမေ။

အမေ့ဆီကို လကုန်ရက်တိုင်း စင်ကာပူ ကနေ ငွေပို့နေကျ ဖြစ်တဲ့ အမေ့သား ဆီက လစာငွေ တွေကို ဒီလက စပြီး အမေ လက်ခံ ရရှိတော့မှာ မဟုတ်သလို နောက်လ မှာလဲ ရမှာ မဟုတ်တော့ပါဘူး။ နောက်ထပ် လတွေ နှစ်တွေ ဘယ်လောက်ဘဲ ကြာကြာ အမေ့သားဆီက ဘာငွေမှ ရမှာ မဟုတ်တော့သလို ဖုန်းထဲက ကြားနေကျ အမေ့သားရဲ့ အသံတွေ၊ စာရွက်ထဲမှာ မြင်နေကျ အမေ့သားရဲ့ ပဲပင်ပေါက် လက်ရေး စောင်းစောင်းလေးတွေကို အမေ နောက်ထပ် ကြားရ ဖတ်ရတော့မှာ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အမေ့ရဲ့သားဟာ သေဆုံး သွားလို့ပါဘဲ။ လွန်ခဲ့တဲ့ လ အနည်းငယ်က စင်ကာပူနိုင်ငံ အနောက်မြောက်ပိုင်း ဒေသတစ်ခု ရဲ့ ကားရပ်နားတဲ့ ပန်းခြံနားမှာ အမေ့သားရဲ့ ရုပ် အလောင်းကို တစ်စုံတစ်ယောက်ရဲ့ သတင်းပေးချက်အရ စင်ကာပူရဲက တွေ့ရှိခဲ့ပါတယ် အမေ။ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုနဲ့ ကိုက် အနည်းငယ်ကွာတဲ့ နေရာမှာ အလောင်းကို တွေ့ခဲ့ တာဖြစ်တဲ့အတွက် သေဆုံးသူဟာ ဆောက်လုပ်ရေး ဝန်ထမ်းတစ်ဦး ဖြစ်မယ်လို့ ရဲဝန်ထမ်းတွေက ကောက်ချက်ချခဲ့ကြပါတယ်။

ညစ်ပေနေတဲ့ အဖြူရောင် ရှပ်အကျီလက်ရှည်နဲ့ အပြာရင့်ရောင် ဂျင်းဘောင်းဘီ ခပ်စုတ်စုတ် ပေါ်မှာ ပေနေတဲ့ သဘော်ဆေးတွေကို ကြည့်ခြင်းအားဖြင့် သေဆုံးသူဟာ ဆောက်လုပ်ရေး လုပ်ငန်းမှာ ဆေးသုတ်တဲ့ အလုပ်ကို လုပ်ရင်း တိုက်အမြင့် ပေါ်ကနေ ပြုတ်ကျသေဆုံးသွားတဲ့ လက္ခဏာကို တွေ့ရပြန်ပါတယ်။ ပြုတ်ကျ သေဆုံးသွားတဲ့ အမေ့သားကို ဘယ်သူဘယ်ဝါက ဘယ် ဆေးရုံ ဆေးခန်း၊ ဘယ်ရဲစခန်းကိုမှ သတင်းမပို့ဘဲ ချောင်ကျကျ ကားရပ်တဲ့ မြေကွက်လပ်နားက ခြုံတွေထဲမှာ ပစ်ထားခဲ့တာဟာ စိတ်ဝင်စားစရာပါဘဲ။

အခု ဆိုရင် အသက်ဝိညာဉ် မရှိတော့တဲ့ အမေ့သားရဲ့ ခန္ဓာကိုယ်ဟာ စင်ကာပူ နိုင်ငံရဲ့ အစိုးရပိုင် ဆေးရုံ တစ်ရုံရုံက အအေးတိုက်ထဲမှာ ရှိနေပါပြီ။ အမေ့ရဲ့ သားကို ဘယ်သူဘယ်ဝါ၊ ဘယ်လို အမည်နာမ ရှိမှန်း ကျွန်တော်တို့ မသိရိုး အမှန်ပါ အမေ။ ကျွန်တော်တို့တင် မကပါဘူး။ စင်ကာပူနိုင်ငံမှာ ရှိတဲ့ လူဝင်မှု ကြီးကြပ်ရေး ဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ ရဲဌာန နဲ့ ဆေးရုံက တာဝန်ရှိ ပုဂ္ဂိုလ်တွေလဲ အမေ့သားရဲ့ နာမည်၊ အသက်၊ ကိုယ်ရေးရာဇဝင်၊ နိုင်ငံကူး လက်မှတ်၊ ဘဏ်နံပါတ်၊ နေရပ်လိပ်စာ – တွေကို ဘာတစ်ခုမှ မယ်မယ်ရရ မသိကြပါဘူး။

သူ့ကို သိတဲ့ လူတစ်စုတော့ ရှိပါတယ်။ အဲဒါကတော့ စင်ကာပူ နိုင်ငံက ပုဂ္ဂလိကပိုင် ဆောက်လုပ်ရေးလုပ်ငန်း အသေးစားလေးက တရုတ် သူဌေးနဲ့ သူ့ရဲ့ လုပ်ဖော်ဆောင်ဖက် အလုပ်ကြမ်းသမားတစ်ချို့ဘဲ ဖြစ်ပါတယ်။ ဒါတောင် သူတို့က အမေ့သားရဲ့ နာမည်အရင်းကို မသိရှာပါဘူး။ သူ့ကို တရားမဝင် ပေးထားတဲ့ အလုပ်သမား ကိုယ်ပိုင်နံပါတ်ကိုဘဲ သိကြတာ ဖြစ်ပါတယ်။ အမေ့သားရဲ့ ကိုယ်ခန္ဓာ အချိုးအစား၊ မျက်နှာသွင်ပြင်၊ အရပ် အမောင်း၊ အသားအရောင်ကို ကြည့်ပြီးတော့မှ သူဟာ မြန်မာနိုင်ငံက လာတဲ့ အမေ့သား မှန်းခန့်မှန်း လိုက်ကြတာ ဖြစ်ပါတယ်။ အမေ့သားကို မသိမှတော့ အမေ့ကိုလဲ ကျွန်တော်တို့ ဘယ်လိုလုပ် သိနိုင် ဆယ်သွယ်နိုင်တော့မှာလဲ အမေ။

ဘာဖြစ်လို့လဲဆိုတော့ အမေ့ရဲ့သားဟာ စင်ကာပူနိုင်ငံမှာ တရားမဝင် အလုပ်လုပ်နေတဲ့ သူတစ်ယောက် ဖြစ်နေလို့ပါဘဲ။ သူ့ရဲ့ နာမည်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်း၊ ကိုယ်အလေးချိန်၊ လူမျိုး၊ ဘာသာ၊ သွေးအုပ်စု၊ စတဲ့ အရာတွေဟာ ဘာတစ်ခုမှ စင်ကာပူနိုင်ငံရဲ့ မှတ်တမ်းထဲမှာ ရှိမနေခဲ့ပါဘူး။ သူဒီမှာ အလုပ်လုပ်နေတာ၊ နေထိုင် သွားလာ စားသောက်နေတာ၊ ပျော်ပါးနေတာ၊ ငိုယို ဝမ်းနည်းနေတာ၊ ပင်ပန်းနေတာ၊ ချက်ပြုတ် စားသောက်နေတာ၊ နေထိုင်မကောင်း ဖြစ်နေတာ၊ သောက်စားမူးယစ်နေတာ၊ ဘာသာရေး လိုက်စားနေတာ၊ ပေးကမ်းလှူဒါန်းနေတာ၊ တောင်းရမ်းစားသောက်နေတာ၊ လိမ်လည်ယဉ်ကျေး နေတာ၊ ဆိုးသွမ်းမိုက်မဲနေတာ – တွေဟာ ဘာတစ်ခုမှ တရားမဝင် ခဲ့ပါဘူး အမေ။

အမေ့သားဟာ စင်ကာပူနိုင်ငံမှာ တရားမဝင် နေထိုင်နေတာဟာ သူကိုယ်တိုင်က အမေ့ကို လုပ်ကျွေးချင်လို့ ဖြစ်ချင်ဖြစ်မယ်။ အမေတို့က အတင်းနေခိုင်းလို့လဲ ဖြစ်ချင်ဖြစ်မယ်။ အပေါင်းအသင်းမိတ်ဆွေတွေ မဲဆွယ်လို့လဲ ဖြစ်ချင်ဖြစ်မယ်။ ဘာလုပ်ရမှန်း မသိလို့ လုပ်ချင်ရာ လုပ်တဲ့သဘောလဲ ဖြစ်ချင်ဖြစ်မယ်။ ဒါကတော့ သူ့ဘဝဆိုတော့ သူ့ကိုယ် သူ အသိဆုံးပါဘဲ။

လူမှန်ရင် နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံသားဖြစ်ခွင့် ရှိသလို၊ နိုင်ငံသား ဖြစ်ကို ဖြစ်ရမှာပါ အမေ။ လူဖြစ်နေရဲ့သားနဲ့ ဘယ်နိုင်ငံသားမှ မဟုတ်ဘူးဆိုရင်တော့ ဒီလူဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ တရားမဝင်နေတဲ့သူ ဖြစ်သွားတော့မှာပေ့ါ။ ဟုတ်တယ် နော် အမေ။ သက်မဲ့တဲ့ ယာဉ်ရထားတွေ စက်ယန္တရားတွေ၊ ခွေး တိရိစ္ဆာန် လေးတွေတောင် လိုင်စင်တွေ၊ အမှတ်အသားတွေ၊ ပိုင်ရှင်တွေ၊ ကိုယ်ပိုင် နံပါတ် တွေ ရှိထားကြရဲ့သားနဲ့ အမေ့သားဟာ စင်ကာပူဆိုတဲ့ နိုင်ငံသေးသေးလေး ထဲမှာ ဘာအထောက် အထားမှ ရှိမနေခြင်းဟာ တော်တော် ဆိုးတဲ့ အဖြစ်မျိုး ပါဘဲ အမေ။

ဟောဒီ ကမ္ဘာမှာ နှစ်ပေါင်း တော်တော်များများ အသက်ရှင်သွားတဲ့ အမေ့သားဟာ အသက်သေဆုံးရတဲ့ နိုင်ငံရပ်ခြားမှာ အဲဒီနိုင်ငံရဲ့ စာရင်း မဝင်ထားတဲ့အတွက် အဲဒီနိုင်ငံကလဲ အမေ့သားကို ဘာမှ လုပ်ပေးနိုင်စွမ်း မရှိခဲ့ပါဘူး အမေ။ စင်ကာပူ နိုင်ငံကြီးထဲမှာ အမေ့သားဟာ ဘယ်လိုဘဲ နေခဲ့ နေခဲ့၊ သူ့ရဲ့ နာမည်ဟာ စင်ကာပူနိုင်ငံရဲ့ လူဝင်မှု သန်းခေါင်စာရင်းထဲမှာ မပါရှိတဲ့အတွက် သူ သေဆုံးသွားတဲ့ အချိန်မှာ သူ့အတွက် ဘာအာမခံချက်၊ ဘာထောက်ပံ့ကြေးနဲ့ ဘာအခွင့်အရေးမှ မရနိုင်ခဲ့ပါဘူး။

ပုပ်ပွပြီး ပျောက်ပျက်သွားမဲ့ ခန္ဓာအတွက်တော့ ထားလိုက်ပါတော့ အမေ၊ ထားလို့ မရတာက မပုပ်မပွ မပျောက်မပျက်မဲ့ ဝိညာဉ်အတွက်ပါဘဲ။ အဲဒီ ဝိညာဉ်က ဘယ်နိုင်ငံသားလဲ၊ ဘယ်ကို သွားမှာလဲ။ ဘယ်မှာ နားမှာလဲ။ ဘယ်မှာ တရားဝင်မှာလဲ ဆိုတာကတော့ တော်တော့်ကို အရေးကြီးပါတယ် အမေ။ ကောင်းကင်နိုင်ငံ စာရင်းထဲမှာ မပါတဲ့ ဝိညာဉ်တွေအတွက် ငရဲတံခါး ဖွင့်ထားတယ် အမေ။ သေဆုံးသွားပြီဖြစ်တဲ့ အမေ့သားအတွက်တော့ ကျွန်တော်တို့ ယူကြုံးမရ ဖြစ်ရုံက လွဲလို့ ဘာများတတ်နိုင်အုံးမှာလဲ အမေ။ အမေ့မှာ နောက်ထပ် သားတွေ ရှိသေးရင် ဒီလိုအဖြစ်မျိုး ထပ်မကြုံ မိပါစေနဲ့လို့ ကျွန်တော် ဆုတောင်း မေတ္တာ ပို့လိုက်ပါတယ် အမေ။

အမေ့သားရဲ့ ရင်ထဲက ပြောမဖြစ်သွားတဲ့ စကားတွေကို ကျွန်တော် ရင်နှင့်အမျှ ခံစားပြီး အမေ့ နှလုံးသား ရင်ကြားထဲ ရောက်အောင် ဒီစာကို ရေးပြလိုက်တာပါ အမေ။ ။

(သားတော်မောင်အလီမ္ဘာ )

**အသက်စာစောင် ၌ စာရင်းမဝင် သောသူ ရှိသမျှတို့ကိုလည်း မီးအိုင် ထဲသို့ ချပစ်လေ၏။ ဗျာဒိတ် ၂၀း၁၅**

(ဝန်ခံချက် ။ မိခင်များနေ့ အမှတ်တရအဖြစ် **TO DAY NEWS ( Singapore)** တွင် ပါရှိသော ဖြစ်ရပ်မှန် သတင်းဆောင်းပါးတစ်ပုဒ်အား မှီငြမ်း၍ ရေးသားပါသည်။ )

oooooooooooooooooooooooooooooooooooooooooooooo

## အတင်းကလေးနဲ့ သတင်းကောင်းဝေမည် (ဆွေးရင့်ခိမ်း)

အမျိုးသမီးများ နှစ်ယောက် သုံးယောက် ဆုံမိပြီဆိုရင် တီဗွီ ဇာတ်လမ်းများသာမက မိမိနေထိုင်ရာ ပတ်ဝန်းကျင်မှ ဖြစ်ပျက်သည့် အကြောင်းစုံကို ဟုတ်သည် မဟုတ်သည် အသာထား နှိုက်နှိုက်ချွတ်ချွတ် ပြောတတ်လေ့ရှိသောကြောင့် " မိန်းမများ ပြောလျှင် အတင်း၊ ယောကျ်ားများ ပြောလျှင် သတင်း" ဟူသည့် ဆိုရိုးစကားလေး ဖြစ်ပေါ်လာခဲ့လေသည်။ ဘိုးဘွား မိဘများ လက်ထက်မှစ၍ ယခု အချိန်အထိ အမျိုးသမီးများ အတင်းပြောပုံကို ဟာသ

လေးများ နှော၍သော်လည်းကောင်း သူတပါး၏ ဂုဏ်သိက္ခာ ကျဆင်း စေသော အဖြစ်သို့လည်းကောင်း – အစရှိသဖြင့် ရုပ်ရှင် ဇာတ်လမ်း ထဲတွင် တင်ပြ တတ်သည်ကို ကျွန်ုပ် ငယ်စဉ်ကတည်းက ကြည့်ခဲ့ဖူးပါသည်။ ဥပမာ ရေခပ်ချိန်၊ ထင်းခွေချိန်၊ သန်းတုတ်ချိန်များတွင် အတင်း ပြောတတ်ကြ ပါသည်။ အတင်း အပြောသန်သူကို မိန်းမပီသသူဟု ကောက်ချက်ချတတ်သလို အတင်းပြောခြင်း သည်လည်း မိန်းမများ၏ မွေးရာပါ ဗီဇသဘောပင် ဖြစ်နေပြန်ပါ သည်။

ကဗျာဆရာများသည်ပင်လျှင် အမျိုးသမီးများ၏ အတင်းပြောဟန် များကို ကာရံ ညီညီဖြင့် ရေးသားစပ်ဆိုတတ်ကြပါသည်။ မည်သို့ပင် ဖြစ်စေကာ မူ အမျိုးသမီးများ ပြောတတ်သည့် အတင်းပေါင်း မြောက်များစွာထဲမှ သတင်း ကောင်း အသွင်သို့ ကူးပြောင်းခဲ့သော ဖြစ်ရပ်မှန် ရာဇဝင်လေး တစ်ခုအား ဖတ်ရှုခံစား မိပြီး စာဖတ်သူများ မျှဝေခံစားနိုင်ရန် ရေးသားဝေမျှ လိုက်ရပါသည်။

အချိန်ကား လွန်ခဲ့သော နှစ်ပေါင်း ထောင်နှင့်ချီသော အချိန် နေ့က လေး တစ်နေ့တွင် ဖြစ်ပါသည်။ လူသားတို့၏ သမိုင်းရှင် ဖြစ်သော ယေရှု ခရစ်တော်၏ နောက်လိုက် တပည့်တော်များထဲတွင် မာဂဒလ မာရိ၊ သောဟန္နာ၊ ယာကုပ်၏ အမိဖြစ်သော မာရိနှင့် အခြားသော အမျိုးသမီးများလဲ ပါဝင်ခဲ့လေ သည်။ ထိုခေတ် ထိုအချိန်က အမျိုး သမီးများသည် ယခုခေတ်ကလို နေရာတ ကာ ပါဝင်ခွင့် မရသော အားနည်းသူများအဖြစ် သတ်မှတ်ခံ ရချိန် ဖြစ်ပါသည်။ သခင့်နောက်လိုက် တပည့်တော် ယောကျာ်းသားများကဲ့သို့ သခင်ခရစ်တော် အကြောင်း သ တင်း ကောင်းအား လှည့်လည် ဟောပြောခွင့် မရှိခဲ့သလို နတ်ဆိုးများကိုလဲ နှင်ထုတ် နိုင်သည့် အခွင့် အာဏာ မရှိခဲ့ ပါ။ သခင် ယေရှု၏ နောက်တော်သို့သာ တကောက်ကောက် လိုက်၍ ချက် ရေးပြုတ်ရေးနှင့် အခြားသော ဝေယျာဝစ္စလေး များကို သာ ပြုရန် နောက်တန်းကသာ အစေခံလျှက် လိုက်ပါ လာကြပါသည်။



မိန်းမများပီပီ ချက်ပြုတ်ပြီးပါက သီချင်းလေး တအေးအေးနှင့် အတင်း တုတ် နေကြမည် ဖြစ်ပါသည်။ ဥပမာ စိတ်ဆတ်၍ လေလုံးထွားသော ရှင်ပေတရု အကြောင်းဆိုလျှင် အတင်း တုတ်ရန် ပို၍ ကောင်းပေလိမ့်မည်။ စပ်စပ် စုစုနှင့် တီးတိုးတီးတိုး အတင်း တုတ်တတ်သော ထိုအမျိုးသမီး တစ်သိုက်၏ သတ္တိကို တော့ ချီးကျူးရပါမည်။ လူသားတိုင်းအတွက် ကားတိုင်ထက်တွင် အသေခံသော သခင့်နောက်သို့ အဆုံးတိုင်အောင် လိုက်သည်သာမက သခင့် အလောင်းကို ရောမ အာဏာ ပိုင်များက မည်သို့ထားသည်၊ မည်သည့် နေရာတွင် ထားသည် ဆိုသည့် အချက်များကိုပင် စုံစမ်းထားပြီး ဖြစ်သည်။ မည်သည့်နည်းဖြင့် သခင့် အလောင်း ကို အမွှေးနံ့သာလိမ်းကျံ ရမည်ဆိုသည်ကို ဆွေးနွေး တိုင်ပင်ထားပြီး ဖြစ်သော ကြောင့် အခွင့်သာလျှင် ပုပ်ပွနေမည့် သခင့် အလောင်းအား ဆီမွှေးနှင့် လိမ်းကျံ ရန် အသင့်စောင့်ဆိုင်းနေကြလေသည်။ ( လုကာ –၂၃း၅၅ )

ယခင့်ယခင် အချိန်က သခင်ခရစ်တော်၏ အမျိုးသား ယောကျာ်း ဘသား တပည့်တော်များသည် နတ်ဆိုး၊ ဝိညာဉ်ဆိုးများကို ရဲရဲရင့်ရင့် နှင်ထုတ် နိုင်ခဲ့ကြသော်လည်း သခင်ဘုရား အသေခံရချိန်တွင် အချင်းချင်းကွဲပြား၍ သွေးပျက် နေခဲ့ကြလေသည်။ **ယော ၂၀း၁၉ ညဉ့်အချိန် ရောက်သောအခါ ယုဒ လူတို့ကိုကြောက်၍ တံခါးများကိုပိတ်ထားလျှက် တပည့်တော်တို့သည် စည်းဝေးကြ သော အရပ်သို့ – – –**။

အမျိုးသားများ ခြေ မကိုင်မိ၊ လက် မကိုင်မိဘဲ ဘာလုပ်ရမှန်း မသိ ဖြစ်ကာ တွေဝေနေချိန်၊ နံနက်စောစော အချိန်တွင် မီးတိုင်များနှင့် လှုပ်လှုပ်ရွရွ တက်ကြွနေသူများမှာ အမျိုးသမီးများပင် ဖြစ်ပါသည်။ သခင်ဘုရား၏ အ လောင်းတော်ကို ဆီမွှေးနှင့် လူးရန် ရောက်လာသောအချိန်တွင် အလာလမ်းနှင့် အပြန်လမ်း မတူဘဲ ပြောင်းလဲကြကုန်သည်။ အလာတုံးက ကုပ်ချောင်း ကုပ် ချောင်းနှင့် ရောမ စစ်သားများ မသိရန် တထိတ်ထိတ် လာခဲ့ကြသော်လဲ အပြန်လမ်းတွင် ရှင်ပြန် ထမြောက်တော်မူသော သခင်၏ ကိုယ်ခန္ဓာတော်ကို ဖူး မြင်ခွင့် ရခဲ့သောကြောင့် အောင်ဟစ်ကြွေးကြော် မောင်းထုကြလေတော့ သည်။

ဟုတ်မှ ဟုတ်ပါ့မလား၊ စကားကို ချဲ့ကားပြီး ပြောတာလား၊ အမျိုး သမီး တွေရဲ့ စကားကလဲ ယုံရခက်ခက် တော်ကြာ ဘာသာရေး ခေါင်းဆောင် တွေနဲ့ ဘုရင့် ရွှေနားတော် ပေါက်သွားရင် ဒုက္ခပါဘဲ။ သို့လော သို့လောနဲ့ တပည့်တော် ယောကျာ်းသားများ စဉ်းစားခန်း ဝင်နေချိန် သုံးရက် မြောက်သော နေ့၌ သခင်ဘုရား ရှင်ပြန်ထမြောက်မယ် ဆိုတဲ့ ကတိစကားကို ရှင်ပေတရုကြီး ကြားယောင်မိပြီး သချိုင်းတော်ထဲကို ကဆုန်ပေါက် ပြေးခဲ့ရလေသည်။ မှန်လိုက်သည့်ဖြစ်ခြင်း ဒီတစ်ခါတော့ တကယ့်ဖြစ်ရပ်မှန်ကို ဒီအမျိုးသမီးတွေ ပြောကြတာပါလားလို့ ပေတရုကြီး ထောက်ခံပြီး သူကိုယ်တိုင် မြင်တွေ့ခဲ့ရသော အရာများကို အခြားသော တပည့်တော်များအား ပြန်လည်ပြော ကြားခဲ့ရပါ သည်။ ယောကျာ်း တပည့်တော်များထက် စောစီးစွာပင် သခင့် နောက်လိုက် အမျိုး သမီးများမှာ သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်း သတင်းကောင်းကို စောစီးစွာ ဝေငှပြီးသွားပြီ ဖြစ်သည်။ သခင့်ကြောင့် ကျခဲ့ရသော မျက်ရည်များလဲ ခန်း ခြောက် ကုန်ကြပြီး ယူဆောင်လာသော ဆီမွှေး များမှာလည်း သူတို့၏ သတင်း စကားရနံ့အား လိုက်၍ မမှီတော့ပါ။ ထွန်းညှိ လာခဲ့သော ဆီမီးတိုင် များသည် လဲ နှလုံးသားထဲမှ တောက်လောင်နေသော ဝိညာဉ်တော် မီးတောက် ၏ အောက်တွင် မှေးမှိန်၍ သွားပါတော့သည်။ တစ်အိမ်ဝင် တစ်အိမ်ထွက် ၍ တွေ့သော သူတိုင်းအား သခင်ဘုရား ထမြောက်သည့် အကြောင်း တွတ်ထိုး၍ ပြော၍ဆုံးတော့မည် မဟုတ်ပေ။ မိမိတို့ ပြောနေကျ သူတပါး၏ မကောင်း သတင်း များ အစား သခင်ယေရှု ရှင်ပြန် ထမြောက်ခဲ့သော ကောင်းသတင်း များ ကို ပြောင်းလဲ ပြောဆိုခဲ့ရလေတော့သည်။

ထိုဖြစ်ရပ်မှန်အား မှတ်တိုင် စိုက်ထူခဲ့ကြ သော အမျိုးသမီး တစ်သိုက် ၏ ချစ်စရာကောင်းသော စရိုက်လေး များ ကို စာဖတ်သူနှင့် ကျွန်မ သတိ ထား ဆင်ခြင်မိမည် ဆိုပါက ကျွန်မတို့ နေ့စဉ်ပြော တတ်ကြသော သူတပါး မကောင်း သတင်းလေးများ အစား သခင်ဘုရား၏ ကောင်းသတင်းလေးများ အသွင်သို့ ကူးပြောင်း သွားနိုင် ကြောင်းကို မြင်ယောင်နိုင်ကြပါစေ။ နေ့စဉ် ပြောနေကျ စကားများသည် သတင်းကောင်းများသာ ဖြစ်စေပြီး ကြားနာ ရသူများ သခင် ဘုရား ကို မြင်တွေ့ လာနိုင်ရန် အတင်းကလေးမှသည် သတင်းကလေး အသွင် သို့ ဦးတည်ကြပါစို့။

အတင်းကလေးနှင့်လည်း သတင်းကောင်းလေး အား ဖြန့်ဝေကြပါစို့ လား လို့ ခွန်အားပေး တိုက်တွန်းရင်း .........

သခင်၏ အမျိုးသမီးများထဲမှ အမျိုးသမီးငယ် –

**ဆူးရှင့်ဓါမိဓါး** ( ခေတ္တ – ကမ္ဘာမြေ )

ရှင်ပြန်ထမြောက်ရာနေ့ အမှတ်တရ ( အခြေပြုကျမ်း – ရှင်လုကာ ၂၄ )

ooooooooooooooooooooooooooooooooooooooooooooooooooo

## * နှလုံးသားဦး၌ရှင်သန်စေခဲ့သောမျိုးစေ့ * (ဖွန်ပွင့်ဓါး)

အခန်း(၁)

“စုလေး၊ သောက်လိုက်နော်” “ဟင့်အင်းကွာ မသောက်ချင်ဘူး” ကိုယ်ဝန် အရင့်အမာနှင့်ကျွန်မကို မွေးဖွားရ လွယ်ကူစေရန်အတွက် ဆေးရုံမှ ကြက်ဆူဆီ သောက်ရန် ပေးလိုက်သည်။ အနံ့အသက် ကလည်း ဆိုး၊ အရသာ ကလဲ ပျို့အန် ချင်စရာမို့ ကျွန်မ လုံးဝ မသောက်ချင်၊ တစ်သက်လုံးလဲ လုံးဝ မသောက်ဖူး။ ထို့ကြောင့် ဆေး တိုက်နေသော ကို့ ကို ငြင်း လိုက်ခြင်း ဖြစ်သည်။



“ကို ကျတော့ မ သောက်ရဖူး၊ သူများကျတော့ ” ဟု ကျွန်မက မျက်စောင်းထိုး၊

နှုတ်ခမ်းဆူပြီး ပြောလိုက်သောအခါ ကိုက တဟားဟားနှင့် အော်ရယ်ပါတော့သည်။ ပြီးမှ သူ့လက်ထဲတွင် ကိုင်ထားသော ကြက်ဆူဆီကို ကျွန်မ စိတ်ကျေနပ်စေရန် အနည်းငယ် သောက်ပြလိုက်ပါသည်။ "သောက် လိုက်နော် စုလေး၊ ကို့ မိန်းမက လိမ္မာ ပါတယ်ကွာ၊ ဒီမှာ သားသားလေးလား၊ မီးမီး လေးလား မသိဘူး မာမီရယ် သောက်လိုက်ပါလို့ ပြောနေတယ်၊ ကိုတို့ ရင်သွေးလေးကို ချစ်ရင် သောက် လိုက်နော်" ဟု ကျွန်မ ဝမ်းဗိုက်ပူပူကို လက်နှင့် အသာအယာပွတ်ရင်း ကြင် နာစွာ ပြောလိုက်တော့ ကျွန်မ ရင်ထဲတွင် ပထမ ဦးဆုံး ဖြစ်ပေါ်လာသော မိခင် မေတ္တာဖြင့် ဖြူသလား၊ မဲသလား သေသေ ချာချာ မသိသေးသော ဝမ်းကြာ တိုက်ထဲက ရင်သွေးလေး အတွက် ကြက် ဆူဆီကို ကြိတ်မှိတ်၍ သောက်လိုက်ပါ တော့သည်။

အခန်း(၂)

သမီးလေးကို မွေးဖွားပြီး တစ်ပါတ်ပြည့်သောနေ့တွင် ကျွန်မ ကိုယ်ပူ၍ ဖျားပါသည်။ ဖျားရသည့် အကြောင်းရင်းမှာ သမီးလေးမှာ ချိုချို ကို နိုင်အောင် မစို့နိုင်သေးသလို ကျွန်မကလဲ သားဦး မွေးထားသော မီးနေသည် ဖြစ်နေ၍ မည်သို့လုပ်ရမှန်း မသိဖြစ်ကာ ကျွန်မ၏ ရင်သားများမှာ တင်းရင်း၍ ယောင်ကိုင်း နေပါသည်။ နောက်မှ သမီးလေး၏ အဒေါ်တော်သူ **Special nurse** က အဝတ်သန့်သန့်ကို ရေပူပူထဲတွင် နှစ်၊ ရေစင်အောင် ညှစ်ပြီး ထို အဝတ်ဖြင့် ကျွန်မ၏ ရင်သားများကို ပွတ်ချေ နှိပ်နယ်ပေးပါသည်။ ကျွန်မမှာ နာကျင်လွန်း၍ မျက်ရည် ဖြိုင်ဖြိုင် ကျရသည်အထိ ခံစားခဲ့ရပါသည်။ လက်ရှိန်ကြောင့်လား (သို့) သမီးလေး ချိုချို မနိုင်၍လားမသိ ကျွန်မ ကိုယ်ပူ၍ ဖျားခဲ့ပါ သည်။ သို့သော် ထိုဖျားနာမှု ကြားထဲမှာပင် သမီးလေးကို နို့တိုက် မပျက် ခဲ့ပါ။

အခန်း(၃)

"စုလေးက သမီးလေးကို သိပ်ရင် ဘုရားသီချင်းတွေချည်း ဘဲဆိုပြီး သိပ်တယ်နော်။ ကို သတိထားမိတယ်။ ဘာ့ကြောင့်လဲ။ ကို့ ကိုလဲ ပြောပြပါအုံး" ဟု တစ်နေ့တွင် ကို က မေးလာပါသည်။ ကျွန်မက ပြုံးပြီး "ဘာမှ မသိတတ် နားမလည်တတ်သေးတဲ့ အချိန်က စပြီး ကျွန်မတို့ရဲ့ သမီးလေးဟာ ဦးဏှောက်ထဲ နှလုံးသားထဲမှာ ဘုရားရှင်ကို အရင်ဦးဆုံး သိနိုင်ဖို့ သီချင်းနဲ့ ပြောပြလိုက်တာလေ ကိုရဲ့ ။ ပြီးတော့ သမီးလေး အိပ်ခါနီး ချိုချို စို့ခါနီးတိုင်းလဲ **Thank you JESUS. Allilujah. Amen** လို့ ကျွန်မက သမီးလေးရဲ့ လက်ကိုဆုပ်ကိုင်ပြီး တိုးတိုးလေး ဘုရားသခင်ကို ချီးမွမ်း ဆုတောင်းပေးနေကျလေ။ ဒါမှ သမီးလေးဟာ ကျေးဇူးတော်ကို ငယ်ငယ်ကတည်းက ချီးမွမ်းတတ်မှာ ပေါ့။ သူ စကား စပြော တတ်လာခဲ့ရင် ကျမ်းချက်လေးတွေ အလွတ်ရအောင်၊ ပဋ္ဌနာတော် ဆိုတတ် အောင် နည်းနည်းချင်း သင်ပေးမယ်။ ဆန်းဒေးစကူးလ် ပို့မယ်။ ဘုရားသီချင်း တွေလဲ သင်ပေးမယ်။ ဒါမှ ကြီးလာတဲ့အခါ ဘုရားသခင်ကို ချစ်တဲ့ သမီး၊ ဘုရား အလိုတော် အတိုင်း လိုက်လျှောက် အသက်ရှင်တဲ့သမီး ဖြစ်မှာပေါ့။ သုတ္တံကျမ်း ၂၂း၆ မှာ **သူငယ် သွားရာ လမ်း၌ ဆုံးမသွန်သင်လော့၊ သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်းမှ မလွှဲ လိုက်သွားလိမ့်မည်** လို့ ပါတယ်လေ ကိုရဲ့" လို့ပြောသောအခါ ကို က သူ့ ဝသီအတိုင်း တဟားဟား အော်ရယ် လိုက်ကာ "ဟား – ကောင်းပွဲဗျာ၊ ကောင်းပွဲ။ ကို့ မိန်းမကတော့ ကျောင်း ဆရာမလို့ မပြောရဘူး။ သွန်သင်တဲ့နေရာမှာတော့ သိပ်တော်တာဘဲ၊ ဒါကြောင့် ကိုက အရမ်း ချစ်ရတာ" ဟုဆိုကာ ကျွန်မ နဖူးကို ရွှတ်ကနဲ မြည်အောင် နမ်း လိုက်ပါတော့သည်။

အခန်း ( ၄ )

သမီးလေး နိုင်ငံရပ်ခြားတွင် ပညာသွားရောက်သင်ယူပြီး၍ မြန်မာ နိုင်ငံသို့ ခေတ္တခန အလည်ပြန်လာစဉ်က ဖြစ်သည်။ ကျွန်မတို့ မိသားစုနှင့် တဖန်ခွဲခွာ၍ လုပ်ငန်းခွင် စတင် ဝင်ရောက်ရတော့မည် ဖြစ်သောကြောင့် သမီးလေးမျက်နှာ ငိုမဲ့မဲ့ ဖြစ်နေသည်ကို ကျွန်မ အားပေး ခဲ့ရဖူး ပါသည်။

"သမီးလေးနဲ့ မာမီတို့ မခွဲချင်ပေမဲ့ ခွဲရအုံးမှာဘဲ သမီး အရာရာ တိုင်းဟာ ဘုရားသခင် အလိုတော်အတိုင်းဘဲ၊ သမီးလေးတို့ မာမီတို့အတွက် ဘုရားသခင်ဟာ အားလုံးကို အကောင်းဆုံးပြင်ဆင် စီစဉ်ထားပြီးသား၊ သမီးလေး ဘာမှ အားငယ်စရာ၊ ဝမ်းနည်းစရာ မလိုဘူး။ ဖိ ၄း၄–၇ မှာ ပါတဲ့ အတိုင်း **သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။ သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိဘဲ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် တကွ သင်တို့ တောင်းပန်လိုသော အရာများကို ဘုရားသခင် အား ကြားလျှောက် ကြလော့၊ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှု ခရစ် အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်** တဲ့။ သမီး ဘုရားသခင်နဲ့ အမြဲ မိတ်သဟာယဖွဲ့ဖို့ လိုလိမ့်မယ်။ အဲဒီအချိန်မှာ မာမီလဲ ဘုရားသခင်နဲ့ မိတ်သဟာယ ဖွဲ့နေတဲ့ အချိန်ဖြစ်လို့ တို့ သားအမိ နှစ်ယောက်စလုံး ဘုရား သခင်ရဲ့ ခြေတော်ရင်းမှာ စိတ်နှလုံးသားချင်း နီးစပ် နေကြမယ်လေ။ တို့ နှစ် ယောက် အတူတူ ရှိနေတယ်လို့ ခံစားကြမယ်လေ။ တကယ်တော့ မာမီတို့ သမီးကို ချစ်တာထက် ဘုရားသခင်က သမီးကို ပိုချစ်ပါတယ်။ ဘုရားသခင်က မာမီတို့ထက် သမီးကို ပိုပြီး စောင့်ရှောက် ပေးနေပါတယ်။

တဆက်တည်း မာမီ မှာချင်တာကတော့ တစ်နေ့နေ့မှာ သမီး ဘဝ ကြင် ဖော်ရွေးတော့မယ်ဆိုရင် ထမ်းပိုးညီတဲ့ ယုံကြည်သူ အချင်းချင်းဘဲ ရွေးထမ်း ရမယ်နော် ဘုရားရှင်ကို သိတဲ့သူ၊ ဘုရား ရှင်ကို ချစ်တဲ့သူ၊ ယုံကြည်သူ ဖြစ်ရမယ် နော် နောက်ပြီး ဘုရားရှင် အလိုတော် အတိုင်း ဖြစ်ဖို့လဲ အမြဲ ဆု



တောင်းရ မယ်။ ဆင်းရဲတာတို့၊ ချမ်းသာတာတို့၊ ပညာတတ်တာတို့ မတတ်တာတို့ ဂုဏ်ရှိ တာတို့ မရှိတာတို့ကို ထည့်တွက် စရာ မလိုဘူး။ ဒါတွေဟာ ဘုရားရှင် ပေးမှ ရနိုင်တဲ့အရာတွေပါ။

ဒါကြောင့် ဘုရား သခင်ကို အမှန်တကယ် ချစ်တဲ့သူ၊ သမီးကို နှစ်နှစ် ကာကာ ချစ်တဲ့သူ၊ ဘုရား သခင် အလို ကျ ဖြစ်တဲ့သူကို မှန်မှန် ကန်ကန် ရွေး ချယ်ပါနော် သမီး" ဟု ရှည်လျားစွာ ပြောပြသွန်သင်သောအခါ "စိတ်ချပါ မာမီ ဘုရားသခင် အလိုတော်နဲ့ အညီ မာမီ သဘောတူတဲ့ သူကိုသာ သမီးရဲ့ ဘဝကြင်ဖော် အဖြစ် ရွေးမှာပါ သမီးရွေးပြီးသား ဖြစ်နေ ရင်တောင် မာမီ သဘောမတူရင် သမီး ချက်ခြင်း နောက်ဆုတ်လိုက်ပါ့မယ်" ဟု သမီးလေးက ပြန်ပြောသောအခါ ကျွန်မ သမီးလေးကို အအိပ်ပျက်ခံ၊ အစားပျက်ခံ၊ အနစ်နာခံ၊ ဒုက္ခများ ခံကာ ပြုစုပျိုးထောင်ပေးခဲ့သည့် အရာများမှာ အလဟဿ မဖြစ်ဘဲ ဘုရားရှင်ကို သိ သော ဘုရားရှင်ကို ချစ်သော စိတ်ဓါတ် မျိုးစေ့ကို သမီးလေး၏ နှလုံးသားထဲတွင် အမှန်တကယ် ရှင်သန်နိုင်စေခဲ့ပြီမို့ ကျွန်မ ဝမ်းသာ အားရ ကြည်နူး၍ ပီတိ ဖြစ်မိ ပါတော့သည်။ ဟာလေလုယာ – အာမင် ။ ။

**ဋ္ဌနိပ္ပင့်ခိမ်း**

ooooooooooooooooooooooooooooooooooooooooooooooo

## အကောင်းဆုံးနတ်သမီး ( နုပ်သင်း )

တစ်ခါတုန်းက ကလေးငယ်တစ်ဦးဟာ မိခင်ဝမ်းက ကျွတ်လု ဆဲဆဲ အချိန်မှာ ဘုရားသခင်ကို လှမ်းမေးလိုက် ပါတယ်။

"အရှင်ဟာ ကျွန်တော်မျိုးကို မကြာခင်မှာ ကမ္ဘာမြေပြင်ကို စေလွှတ် တော့မှာမို့ မေးခွန်းတစ်ချို့ မေးခွင့်ပြုပါ ခင်ဗျာ။ သေးငယ် နုနယ်တဲ့ ကျွန်တော် မျိုးဟာ ကမ္ဘာမြေကြီးပေါ်မှာ တစ် ယောက် တည်း ဘယ်လို ရှင်သန် နေ ထိုင် နိုင်မှာလဲ"

ဘုရားသခင်က "နတ်သမီး များ စွာထဲက သင့်အတွက် အသင့် တော်ဆုံး နတ်သမီး တစ်ပါးကို ငါရွေးချယ်ထားတယ်။ သင့်ရဲ့ နတ်သမီး က သင့်ကိုပြုစုဖို့ မြေပြင် ပေါ်က စောင့်နေပါလိမ့်မယ်"

ကလေးငယ်က " ဒီကောင်းကင်ဘုံ မှာ ကျွန်တော်မျိုးဟာ တေး သီချင်းတွေ သီဆို တာ၊ ပျော်ရွှင် ရယ်မောနေတာက လွဲရင် ဘာမှ လုပ်စရာ မ လိုဘူး၊ ဟိုရောက်ရင် ဒီလို အခွင့်အရေးမျိုး ရနိုင်ပါအုံး မလား ခင်ဗျာ" လို့ ပြန် ပြောလိုက်တယ်။

"သင့်ရဲ့ နတ်သမီးက သင့်အတွက် နေ့တိုင်း တေးသီချင်းတွေ သီဆို ရင်း ပြုံးရယ်နေပါလိမ့်မယ်။ ပြီးတော့ သင့်ရဲ့ နတ်သမီးရဲ့ ချစ်မေတ္တာနဲ့ ကရုဏာ မှုတွေကြောင့် သင်အလွန် စိတ်ချမ်းသာ ပျော်ရွှင် ရပါလိမ့်မယ်"

ကလေးငယ်က မေးပြန်ပါတယ်။ "လူတွေက ကျွန်တော့်ကို စကား လာ ပြောတဲ့အခါ ကျွန်တော်မျိုးက လူဘာသာစကားတွေ မတတ်တော့ ဘယ် လို ပြန်ပြော ရမှာလဲ၊ ဘယ်လို နားလည်နိုင်မှာလဲ"



"အလှဆုံး၊ အချိုသာဆုံး စကားတွေကို သင့် နတ်သမီးက သင့်ကို သင်ကြားပေးပါလိမ့်မယ်။ သင့် နတ်သမီးက သင စကား ပြောတတ်လာ အောင် စိတ်ရှည်လက်ရှည် သင်ပေး ပါလိမ့်မယ်။"

" ဒါဆို အရှင့်ကို စကားပြောချင်တဲ့အခါ ကျွန်တော်မျိုး ဘယ်လို လုပ်ရမလဲ" "သင့် နတ်သမီး က သင့်လက်တွေကို ယှက်နွယ် ပူးပေါင်းစေပြီး ဘယ်လို ဆုတောင်းရမယ် ဆိုတာ သင်ပေးပါလိမ့်မယ်"

"ကျွန်တော်မျိုး ကြား ဖူးတာက ကမ္ဘာမြေ ပေါ်က လူတော်တော် များများဟာ ဆိုးသွမ်းမိုက်မဲကြ တယ်တဲ့၊ ဘယ်သူက ကျွန်တော့်ကို ကာကွယ် ပေးမှာ လဲ" "သင့် နတ်သမီးက သူ့ အသက်ကိုတောင် မငဲ့ဘဲ ကာကွယ်ပေး လိမ့်မယ်"

" ဒါပေမဲ့ ကိုယ်တော့်ကို နောက်ထပ် မတွေ့ရရင် ကျွန်တော်မျိုး အရမ်း ဝမ်းနည်းနေမှာဘဲ"

"သင့် နတ် သမီးက ကိုယ်တော့် အကြောင်းနဲ့ ကိုယ်တော့်ဆီ ပြန် ရောက်နိုင်မဲ့ နည်းလမ်း တွေကို သင်ပြပေးပါလိမ့်မယ်" အဲဒီခနမှာ ကောင်းကင် ဘုံဟာ ငြိမ်းချမ်းနေပါတယ်။ ဒါပေမဲ့ ကမ္ဘာ မြေကြီးပေါ်က အသံတွေကို ကြား နေရပါတယ်။

"အဖဘုရားသခင် အခု ကျွန်တော်မျိုး ကမ္ဘာမြေကြီးပေါ်ကို သွားရ တော့မယ်ဆိုရင် ကျွန်တော့်ရဲ့ နတ်သမီး နာမည်ကို တဆိတ်လောက် ပြောပြ ပေးပါ" လို့ ကလေးငယ်က အလျင်စလို မေးလိုက်တယ်။ ဘုရားသခင် က ပြန်ဖြေ လိုက်ပါတယ် "သူ့နာမည်က အရေး မကြီး ပါဘူးကွယ်။ သူ့ကို **အမေ** လို့ ရိုးရိုးလေးခေါ်လိုက်ရုံပါဘဲ"။ ॥ **( နုပ်သင်း )**

( ဝန်ခံချက်။ ॥ ဖတ်ခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်အား မိခင်များနေ့ အမှတ် တရ အဖြစ် ပြန်လည်ခံစား ရေးသားပါသည်။ )

ooooooooooooooooooooooooooooooooooooooooooooooooooo

## သက်သေခံချက် (မောင်လမင်း)



စာစု(၁)

ကျွန်တော်တို့ရဲ့ သင်းအုပ် ဆရာတော် ပြောသလို စင်ကာပူကို အ ကြောင်းမဲ့ သက်သက် ရောက်လာတာ မဟုတ်ပါဘူး။ ကျွန်တော်ဟာ လွန်ခဲ့တဲ့ တစ်နှစ်ဝန်းကျင်လောက်က ရန်ကုန်က နိုင်ငံခြားသားပိုင် ကုမ္ပဏီ တစ်ခုမှာ စုပါဗိုက်ဆာ **Supervisor** ဆိုလား လုပ်ခဲ့ဖူးပါတယ်။ သို့သော် လည်းဘဲပေါ့ လေ။ "ရာထူးထွား ၊ ဝင်ငွေနည်း" တာ ကို စွန့်ပြီး "ရာထူးပိန် ၊ ဝင်ငွေများ"တဲ့ "စလုံး" **Singapore** ကို ရောက် လာခဲ့ပါတယ်။ အသစ် ရောက်လာတဲ့ လူတွေကို အမြဲ ကြိုဆိုလေ့ ရှိတဲ့ ပျူငှာတဲ့အပြုံး ပိုင်ရှင် ဒီက သင်းအုပ်နဲ့ သင်းထောက်တွေ၊ အသင်းသား တွေကို ကျေးဇူးကမ္ဘာပါ။

စာစု(၂)

စင်ကာပူ ချန်ဂီလေဆိပ် **Changi** ကနေ နေရမဲ့ နေရာကို ရောက်တော့ နေ့လည်ရောက်နေပြီ။ လိုအပ်တဲ့ စာရွက်စာတမ်းကိစ္စတွေ လုပ်ပြီး ညနေကျတော့ အလုပ်ရှင်က **Dinner** ကျွေးပါတယ်။ မနက်ဖြန် မနက်မှာ ဆေးစစ်ရမယ်ဆိုတဲ့ အကြောင်း မှာလိုက်ပါတယ်။ အဲဒီညဟာ ကျွန်တော့်ဘဝရဲ့ အိပ်မပျော်တဲ့ ညတွေထဲက တစ်ညပေါ့။ ဆေးစစ်လို့ ချွတ်ချော်သွားခဲ့ရင် ဘာညာ အတွေးတွေ ဂယောက်ကယက် ဖြစ်နေရင်း ရင်တွေခုန်လွန်းလို့ မနက်ဖြန်ကို ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာ စိတ်ပူနေမိတယ်။

အားလုံး အိုကေ ပြီးမှ မျက်စိကို ပြန်စစ်ရမယ်တဲ့။ အဲဒီမှာ မျက်မှန် လုပ်၊ ပြန်စစ်။ နောက်တစ်ခါ ပြန်စစ်။ **Passed.** အဖရဲ့ ကျေးဇူးတော် သက်သက်ပါ။

စာစု(၃)

တစ်ခါတုန်းက (၁၉၉၅ခုနှစ်) ဝန်းကျင်လောက်က ရန်ကုန်မှာ ကျွန်တော်နဲ့ ဝိညာဉ်ရေးရာစာပေကို အတူတူ လုပ်ခဲ့ဖူးတဲ့ **သခင့်စကား** စီစဉ်သူဟာ အခု အချိန်အထိ စင်ကာပူမှာ သစ္စာရှိစွာနဲ့ ဝိညာဉ်ရေးရာ စာပေ တွေကို တစိုက်မတ်မတ် လုပ်နေတာ ပြန်တွေ့ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ မိုက်မဲခြင်းတွေကို ပြန်ပြီး မရေတွက်နိုင်တဲ့အခါ **သခင့်စကား** စီစဉ်သူရဲ့ ဘုရားအပေါ်ထားတဲ့ သစ္စာတရားဟာ တကယ့်ကို ကျေးဇူးတော် ချီးမွမ်းစရာ ပါ။

စာစု(၄)

ဟိုအရင်တုံးက စာတစ်ပုဒ် သီချင်းတစ်ပုဒ်ကို မိနစ်ပိုင်း ၊ နာရီပိုင်း အတွင်းမှာ ရေးနိုင်ခဲ့တဲ့ ဆုကျေးဇူးတွေ အခုအချိန်မှာ တုံးကုန်ပြီလားလို့ ကိုယ့်ကိုယ်ကို အားမလို အားမရ ဖြစ်မိတယ်။ ခုဗျာ ဒီရောက်တာ တစ်နှစ်ရှိပြီ သီချင်း တစ်ပုဒ်နဲ့ ကဗျာတစ်ပုဒ်ဘဲ ရေးဖြစ်သေးတယ်။ အဲဒါကလဲ ဘုရား လူတွေနဲ့ ဝေးနေတဲ့ ဆိုးကျိုးဘဲ ဆိုတာ ကိုယ့်ကိုယ်ကို သိနေတယ်လေ။ ဟိုမှာ နီးပြီး ဝေးနေခဲ့ပေမဲ့၊ ဒီမှာ ဝေးပြီး နီးနေခဲ့တာက ကျေးဇူးတော်ပါ။ ဟုတ်တယ် ॥ အဲ့ဒါ တကယ့်ကို ကျေးဇူးတော်။

စာစု(၅)

ကျွန်တော့်နားထဲမှာ "ဂျိန်း"ဆိုတဲ့ အသံနဲ့အတူ ကျွန်တော် **Operate** လုပ်နေတဲ့ ကရိန်း **Crane** ဟာ ခါရမ်း သွားပါတယ်။ အဲဒါ မနှစ်က၊ ဒီဇင်ဘာ ၂ရက် မနက် ၁ နာရီတိတိ၊ သွားပါပြီ။ ကြည့်လိုက်တော့ ကားတစ်စီးကို ဝင်တိုက်မိတာကိုး၊ ကျေးဇူးတော်ကြောင့် နောက်ပိုင်းကိုဘဲ တိုက်မိတာ။ တကယ်လို့များ၊ တကယ်လို့များ ပေါ့လေ။ ကားခေါင်းကို ဝင်တိုက် မိရင် ယဉ်မောင်း တစ်ခုခု ဖြစ်သွားခဲ့ရင် ကျွန်တော် မတွေးရဲဘူး။ ကျေးဇူး တော်ကြောင့် အဖရဲ့ အတောင်တော် အရိပ်အောက်မှာ လုံခြုံခဲ့ရတယ်။

စာစု(၆)

ပြီးခဲ့တဲ့ လကုန်က ရန်ကုန်က အပါးနဲ့ အမိုးဆီ ဖုန်းဆက်တော့ အပါးက မှာတယ်။ ဂလာတိ ဩဝါဒစာကို အစအဆုံး ပြန်ဖတ်ပါတဲ့။ "ဟုတ်ကဲ့" လို့ ပြန်ဖြေလိုက်ပါတယ်။ တစ်လ ကျော်ပြီ၊ ခုထိ ဖတ်လို့ မပြီးသေးဘူး။ မဟုတ် သေးဘူး၊ ကိုယ့်ကိုယ်ကိုလဲ အားမရ ဖြစ်နေတယ်။ ဘာလို့ လေးလံနေတာလဲ၊ တစ်နေ့၊ တစ်နေ့ "အလုပ်" "အလုပ်" ဆိုတာချည်းဘဲ။ မဖြစ်ဘူး၊ ကျမ်းစာ ပြန်ဖတ်ရ မယ်။ အဲ ဒါ ဖတ်ကို ဖတ်ရမဲ့ "စာ" ॥ ॥

**မောင်လမင်း**

ooooooooooooooooooooooooooooooooooooooooooooooooooo

**မင်းအောင်သက်လွင် စီစဉ် ထုတ်ဝေသည်။**

နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂန နှင့် ငြိစွန်းပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။ **Min Aung Thet Lwin**

**Blk 76A #30-02 Red Hill Road, S'pore 151076**